ရက်စွဲ။ ။၂၇ရက်နေ့ အောက်တိုဘာလ၊၂၀၂၀

သို့/

ဒေါ်အောင်ဆန်းစုကြည်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်

နိုင်ငံတော်အတိုင်ပင်ခံရုံး

နေပြည်တော်

အကြောင်းအရာ။ ။နမ္မတူမြစ်(ခေါ်)မြစ်ငယ်မြစ်ပေါ် တည်ဆောက်နေသည့် အထက်ရဲရွာ ရေကာတာစီမံကိန်း နှင့် နမ္မတူ (သီပေါ) ရေကာတာများ ရပ်တန့်ပေးရန် အိတ်ဖွင့်စာပေးပို့ခြင်း။

ရှမ်းပြည်နယ်အတွင်းရှိ နမ္မတူမြစ်ပေါ်တွင် အကြီးစားရေကာတာစီမံကိန်း ၃ ခုရှိပြီး နော်ဝေးနိုင်ငံပိုင် SN Power ကုမ္ပဏီ ရင်းနှီးမြုပ်နှံမှုဖြင့် ၇၃၅ မီကာဝပ် ထွက်ရှိမည့် အလယ်ရဲရွာစီမံကိန်း၊ တရုတ်၊ ဂျပန်၊ ဆွဇ်ဆာလန်နှင့် ပြင်သစ်နိုင်ငံ ကုမ္ပဏီများမှ ပါဝင်ဆောက်လုပ်လျက်ရှိသော ၂၈၀ မီကာဝပ် အထက်ရဲရွာရေကာတာစီမံကိန်းနှင့် Natural Current Energy Hydropower Company Limited မှ ၂၁၀ မီကာဝပ် နမ္မတူ (သီပေါ) ရေကာတာစီမံကိန်းများသည် ယနေ့ထိတိုင် စစ်မက်ဖြစ်ပွားရာ ဒေသတွင်း တည်ရှိနေပါသည်။

နမ္မတူမြစ်သည် ဌာနေပြည်သူလူထုထောင်ပေါင်းများစွာ မြစ်ကမ်းဘေး တစ်လျှောက်တွင် မျိုးဆက်ပေါင်းများစွာ မြစ်ကိုအခြေပြုပြီး စိုက်ပျိုးရေး၊ တံငါသည်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် မရေမတွက်နိုင်သော အခြားလိုအပ်ချက်ပေါင်းမြောက်များစွာသည် ကျွန်ုပ်တို့ဘဝရပ်တည်နိုင် ရေးအတွက် အရေးပါလှသော အရင်းအမြစ်ဖြစ်ပြီး မှီခိုလုပ်ကိုင်စားသောက် နေထိုင်လာခဲ့သည်။

၂၀၀၈ ခုနှစ်တွင် အထက်ရဲရွာစီမံကိန်းစတင်အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့အား အသိပေးခြင်း ဆွေးနွေးတိုင်ပင်ခြင်း မရှိခဲ့ပေ။ ၂၀၁၄ ခုနှစ်ရောက်ရှိမှသာ ရေကာတာဆောက်လုပ် ခြင်းကြောင့် ကျွန်ုပ်တို့ရပ်ရွာများ၊ ဥယျာဉ်ခြံမြေများ၊ လယ်ယာများနှင့် စိုက်ပျိုးမြေများ ရေလွှမ်းသွား မည်ဟု အသိပေးခဲ့ပါသည်။ ၎င်းဆိုးကျိုးသက်ရောက်မှုများကို မလိုလားသောကြောင့် ကျွန်ုပ်တို့ ဒေသခံများစုစည်းပြီး သက်ဆိုင်ရာဌာနများသို့ တောင်းဆိုကန့်ကွက်ကြောင်းစာတင်ခြင်း၊ ဆန္ဒပြခြင်း၊ လူစုစည်းပြီးတောင်းဆိုသည့် လုပ်ရပ်များဖြစ် တောင်းဆိုခဲ့သော်လည်း မည်သည့်တုန့်ပြန်မှု များမှ မရရှိခဲ့ပေ။

တာလုံကျေးရွာ၂ ရွာသည် လူဦးရေ ၇၀၀ ဦး ခန့်နေထိုင်ပြီး သဘာဝစိုက်ပျိုးနည်းဖြင့် ချိုမြိန်သော ရှောက်သီးနှင့် ရှောက်ပန်းသီးများကို နာမည်ကြီးလှသည်။ ရွာသူ/သားများ အများစုသည် ၎င်းတန်ဖိုးကြီးလှစွာသော ရှောက်သီးနှင့် ရှောက်ပန်းသီးခြံများ ပိုင်ဆိုင်ထားကြသည်။ ဥပမာ အားဖြင့် တာလုံအရှေ့ကျေးရွာနေ ဦးစိုင်းကျော်အေးပိုင် ရှောက်သီး ၂ ဧကကို ပိဿာချိန် ၂၈၀၀၀ ထွက်ရှိပြီး သိန်း ၁၉.၆၀၀.၀၀၀ တစ်ရာကိုးသိန်းခြောက်သောင်း ဝင်ငွေရရှိခဲ့သည်။

နမ္မတူမြစ်ပေါ်ရှိ အထက်ရဲရွာရေကာတာစီမံကိန်းနှင့် သီပေါ (နမ္မတူ) ရေကာများသည် ကျွန်ုပ်တို့ သီပေါ၊ ကျောက်မဲမြို့နယ် ဒေသခံများအတွက် ကြီးမားစွာဆိုးကျိုးများသက်ရောက်မည် ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့ဒေသခံများ၏ လက်မှတ် ၁၈၈၄ ပူးတွဲပေးပို့ပြီး အောက်ပါအတိုင်း တောင်းဆိုအကြံ ပြုအပ်ပါသည်။

၁။ နမ္မတူမြစ်ပေါ် တည်ဆောက်လျှက်ရှိသော အထက်ရဲရွာရေကာတာစီမံကိန်း၊ သီပေါ (နမ္မတူ) ရေကာတာစီမံကိန်းနှင့် အလယ်ရဲရွာစီမံကိန်းများအားလုံး ရပ်တန့်ရန်။

၂။ နမ္မတူမြစ်ကိုကာကွယ်ရန်အတွက် ဒေသခံများ၏အသံနှင့် တုန့်ပြန်မှုများကို အသိမှတ်ပြုပေးပါရန် လေးစားစွာတောင်းဆိုအပ်ပါသည်။

| | |
|---|---|
| စိုင်းဖုန်းမြင့် | နန်းလောဝ်ခမ်း |
| ၁၃/သပန(နိုင်)ဂ၅၄၄ဂ၄ | ၁၃/သပန(နိုင်)059669 |
| စိုင်းသိန်းမြင့် | စိုင်းကျော်စောဟန် |
| ၁၃/သပန(နိုင်)၁ဂ၈၆၆၉ | ၂/လကန(နိုင်)ဂ၇၇၂၈၅ |

စိုင်းဖုန်းမြင့် ဂ၉ ၄၅၃၁၃၂၇၅၅

နန်းလောဝ်ခမ်း ဂ၉ ၇၇၃၁၆၄၅၄၁

စိုင်းသိန်းမြင့် ဂ၉ ၆၆၇၃၅၆၄၇၄

စိုင်းကျော်စောဟန် ဂ၉ ၆၉၆၄၅၆၈၄၈

မိတ္တူကို

သီပေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံး